# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့အစီအစဉ်

# ( ၆ – ၇ –၂၀၂၆ ) (တနင်္လာနေ့)  နေ့လယ် ၁၃:၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်၏ **တရားသူကြီးနှင့် ရှေ့နေများ လိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးခြင်းနှင့် တရားသူကြီးများနှင့် ရှေ့နေများပါဝင်သော Joint Training Program များ တရားလွှတ်တော်ချုပ်မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးဌေးလွင် (ခ) ဦးဒီလုံး၊ နမ့်စန်မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ်ရှိ နားရိုင်း ရွာမကြီးမှ နောင်ခမ်း– နောင်ခါး– နမ့်ခမ်း(နမ့်ဟူးမိုင်)– နောင်ဒေးကျေးရွာထိ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးဝင်းဌေး၊ လယ်ဝေးမဲဆန္ဒနယ်၏ **ဇေယျာသီရိမြို့နယ်တွင် မြို့တော်ခန်းမ တစ်ခုနှင့် ပြေးလမ်း/ ပွဲကြည့်စင်ပါသည့် ဘောလုံးကွင်း တစ်ကွင်းအား နိုင်ငံတော်အစီအစဉ်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်ဌေး၊ ပျဉ်းမနားမဲဆန္ဒနယ်၏ **ပျဉ်းမနားမြို့ပေါ် ရပ်ကွက်(၇)ခုအား ရေနုတ်မြောင်း၊ ရေဆိုးထုတ်မြောင်းများပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေးစီမံချက် (Town Plan)အဖြစ် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များတွင် စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **ပုဗ္ဗသီရိမြို့နယ် ဇေယျာဒီပရပ်ကွက်တွင် မြေအငှားဂရန် ဆက်လက်ထုတ်ပေးရန်နှင့် တပ်ပုဗ္ဗရှိ မြေကွက်များအား မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်၏ **သာပေါင်းမြို့နယ်၊ ရွှေလှေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးစိုင်းဆိုင်နော်၊ မောက်မယ်မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ် ဈေးတန်း အ.လ.က(ခွဲ)မူလတန်းကျောင်း၏ ပင်မဆောင်အား ဖျက်သိမ်းခွင့်ပြုရန်နှင့် (၂)ထပ် စာသင်ကျောင်း(၁)ဆောင် တိုးချဲ့ရရှိရေးအတွက် မည်ကဲ့သို့ ပံ့ပိုးပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးအောင်ကျော်သူ၊ မလှိုင်မဲဆန္ဒနယ်၏ **မလှိုင်မြို့နယ်၊ အ.ထ.က(ခွဲ)ဖက်ကုန်း၊ အ.မ.က(မူလွန်ရပ်-၁)နှင့် အ.ထ.က(မြို့သစ်) ကျောင်းတို့တွင် RC (၁)ထပ် ကျောင်းဆောင် (၁)လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်၏ **ဝေါမြို့နယ်၊ ဖိုးဦးစိန်ကျေးရွာ အ.ထ.က ကျောင်းတွင် RC (၂)ထပ် ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(၄) ဒေါက်တာကျော်ဦး၊ တောင်ငူမဲဆန္ဒနယ်၏ **တောင်ငူမြို့နယ်၊ သရက်တော အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင်သစ်နှင့် သန့်စင်ခန်းဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ အဝီစိတွင်းတူးခြင်း၊ အဝင်လမ်း ခင်းခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(၅) ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည်မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်းရှိ လတ်တလောဖြစ်နိုင်ချေရှိသော ဒေသများတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များကဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကျောင်းနေ အရွယ် အသက်(၅)နှစ် ကလေးများ စာရင်းကောက်ယူခြင်း (Survey on School-Age Children (or) School Survey)ကို တွန်းအားပေးဆောင်ရွက်၍ စာသင်ခန်း အရောက် ပို့ဆောင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့် ပညာသင် နှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။